# အမေ မသိသေးသောအကြောင်းများ

မဂ္ဂဇင်း ကာတွန်းတစ်ခုထဲမှာ ဒီလိုဖတ်ဖူးပါတယ်။ မိန်းမနှစ်ယောက် ဈေးကအပြန်လမ်းမှာတွေ့တော့ တစ်ယောက်ကနောက်တစ်ယောက် ကို ပြောနေတာ။'ကျွန်မအမျိုးသားက နိုင်ငံခြားမှာအလုပ်လုပ်နေတာလေ။ သားက လည်းနိုင်ငံခြားမှာပဲ။ သမီးကတော့အဲဒီမှာပဲ ကျောင်း တက်နေလေရဲ့'ဟင် ဒါဆိုရှင်က ဘာလို့ လိုက်မသွားတာလဲ'အဟင်း ကျွန်မကကြွားချင်လို့ နေခဲ့တာလေ' တဲ့။အဲဒီ ကာတွန်းလေး က အမေပြောပြတာပါ။ အမေကတော့ ဟုတ်မှာပေါ့လေ။ ဒါပေမယ့်အမေမသိသေးတာတွေ အများကြီးရပါသေးတယ်။'ဟုတ်တယ် နိုင်ငံခြားမှာ လမ်းတွေတအား ကောင်းတာတဲ့။တစ်မြို့လုံး လည်းသန့်ရှင်းနေတာပဲတဲ့။ လျှပ်စစ် မီးဆိုတာတော့ ပြောစရာကို မရှိဘူးတဲ့' အမေကတော့ မိတ်ဆွေတွေနဲ့ တွေ့တိုင်း အဲလိုပြောလေ ရဲ့။ ဒါပေမယ့် အမေပြောပြောနေတဲ့နိုင်ငံခြားမှာ တစ်အား ကောင်းနေ တာတဲ့ ဆိုတာ ကျွန်တော်ကတော့ လက်မခံဘူးအမေ။ တစ်ကယ်တော့ နိုင်ငံခြားကတစ်အားကောင်းဒါမဟုတ်ဘူးဗျ။ ဒါတွေက ပုံမှန်ပဲ။ ကတ္တရာလမ်း ချိုင့်ခွက်မရှိတာကို တကားကောင်းတယ် လို့ ပြောလို့ ရမလား။ လမ်းဘေးတွေမှာ အမှိုက်မရှိတာရော တအားကောင်းနေ တာလား။ လျှပ်စစ်မီး ခလုတ်ဖွင့် လိုက်တိုင်း ရှိနေတာကရော။ Bus ကားတွေ မြို့ပတ်ရထားတွေ အချိန်မှန်နေတာကရော အထူး အဆန်း လားပဲလား။ ကျွန်တော်ကတော့ အဲဒါကို အရမ်းကောင်းနေတယ်လို့ မယူဆဘူး အမေ။ ဒါတွေက ပုံမှန်လေ။ တစ်ကယ်တော့ကျွန်တော်တို့ ဆီက ပုံမမှန်ဖြစ်နေတာ။ အဲဒါကြောင့် နိုင်ငံခြား တစ်အား ကောင်းနေ တယ်လို့ ပြောရင် သိပ်ဘဝင် မကျဘူး အမေ။ နိုင်ငံခြားက ပုံမှန် ကျွန်တော်တို့ဆီက ပုံမမှန်။ သူတို့ဆီမှာ ရုပ်ဝတ္ထုပစ္စည်းတိုးတက်မှု့ ကတော့ ထိပ်ပဲလေ။ ဒါပေမယ့်ကျွန်တော်တော့ဒီမှာ အရမ်းပျော်နေပြီ။ သူတို့နဲ့ တစ်သားထဲကျနေပြီ။ အင်တာနေရှင်နယ် စတန်းဒက် ဖြစ်နေပြီလို့ အမေထင်ရင်တော့ အမေ မှားသွားပြီအမေရေ။ ကျွန်တော်ဆိုတဲ့ ကောင်က အမေ့အိမ်ကို ပြန်လာဖို့ပဲ အမြဲတွေး နေတဲ့သူလေ။ မလာနဲ့ ဒီမှာ နေပူ၊ ဖုန်ထူ၊ ခြင်ကိုက်၊ မီးပျက်လို့တော့ ကျွန်တော့်ကို မပြောပါနဲ့ အမေ။ ကျွန်တော်က အဲယားကွန်း ခန်းကိုမုန်းလို့ နေရောင်ခြည်လေး လိုချင်နေတဲ့သူ၊ လေအေ့မှာဖုန်နံ့လေးရှူနေရတာကို air fresher နံ့ထက်ပို ကြိုက်တဲ့သူ၊ အမှောင်ထဲမှာ ထိုင်ပြီး ယက်တောင်လေးနဲ့ ခြင်ရိုက်ပြီး စကားပြော ရတာကို ပို သဘောကျနေတဲ့သူဆိုတာ အမေမသိပါဘူးလေ။တစ်ချို့ကတော့ ပြောကြတယ်။ နိုင်ငံခြားမှာက အရည်အချင်းရှိဖို့ပဲအရည်အချင်းရှိရင်အားလုံးတန်းတူပဲတဲ့။ အခုကမ္ဘာကြီးက Globalization ဖြစ်နေပြီတဲ့။ နေရာဒေသလေးတစ်ခုကို စွဲလမ်းနေလို့ မဖြစ်ဘူးတဲ့။ ရေကြည်ရာမြက်နုရာမှာတိုးတက်အောင်နေရမှာပဲတဲ့။ တစ်ခုတော့ မေးပါရစေ။ ကမ္ဘာကြီးက တစ်ကယ့်ကို ကမ္ဘာ့ရွာကြီး ဖြစ်နေပြီလား။ လူမျိုးရေး ခွဲခြားမှု့တွေမရှိတော့ဘူးလား။ ကျွန်တော့် မေးခွန်းကို သေချာဖြေကြည့်ပါ။ အမေရေကျွန်တော်တော့ ကမ္ဘာကြီး က နည်းပညာတစ်ခုကလွဲလို့ ဘယ်နေရာမှ တကယ် Globalize မဖြစ်သေးဘူးလို့ ထင်တယ် အမေ။ ကျွန်တောတို့လို နိုင်ငံက လာတဲ့ သူတွေကို ရုပ်ဝတ္ထုပစ္စည်း တိုးတက်နေတဲ့ နိုင်ငံတွေက သူတွေက (လူများစုပါ။ လူအားလုံးကိုမဆိုလိုပါ) ဘယ်လိုမြင်တယ်ဆိုတာ အမေမသိသေးပါဘူးဗျာ။ ဒါတွေထားလိုက်ပါတော့။ အသေးစိတ်တွေ ပြောပြနေရင် အမေစိတ်မကောင်းဖြစ်နေမှာ။ တစ်ခါတစ်လေ ကြတော့ကိုယ့်ကိုကိုယ် စက်ရုပ်တစ်ခုလိုထင်လာမိတယ်။ အလုပ်လုပ်နေတာ တစ်ကယ်ကို ထမင်းစားဖို့အတွက်လိုဖြစ်နေလို့ အမေ။ အရင်တုန်းက အမေ့အိမ်မှာ နေရင်းအလုပ်လုပ်ရတာကို အဓိပ္ပာယ်လေးတစ်ခုခု ရှိနေသလိုပဲ အမေ။အခုတော့ ဘာမှ အဓိပ္ပယ် မရှိသလိုပဲ။ ကိုယ့်နိုင်ငံမှာ လုပ်တာကမှ ကိုယ့်လူမျိုး ကိုယ့်မွေးရပ်မြေ အတွက် ဟုတ်ဟုတ် မဟုတ်ဟုတ် တစ်ခုခုတော့အကျိုးရှိဦးမယ် အမေ။

ကျွန်တော့် ကိုလူမျိုးရေး အမြင်ကျဉ်းတယ်လို့ ပြောရင်းလည်း ကျေကျေနပ်နပ်ကြီး ခံပါမယ်ဗျာ။
အဲလောက် နိုင်ငံနဲ့ လူမျိုးကိုချစ်နေရင် ဘာလို့ထွက်လာသေးလဲကွာကို အပြစ်တင်မစောပါနဲ့။ လူ့ဘဝမှာ
လူတန်းစေ့လေးတော့ နေချင်တယ်လေ။ အင်း ခက်တာက အခုလိုနေနိုင်စားနိုင်အောင် အမေ့အိမ်ကမှာ
နေပြီး ကျွန်တော် မရှာနိုင် ဘူး အမေရေ။ ကျွန်တော်ကပဲ ညံ့လွန်းလို့ပဲလား။ ရေကြည်ရာ မြက်နု ရာဆိုရင်
ကျွန်တော်တို့ဆီမှာ ရေတွေနောက်နေလို့လား။ မြက်တွေက ခြောက်နေလို့လား။ ကျွန်တော် မစဉ်းစား
တတ်ဘူးအမေရေ။ အမေမသိသေးတာတွေ အများကြီးရှိပါသေးတယ်ဗျာ။
ဥပမာ ဒစ်ဂျစ်တယ် နိုးစက်သံက ဘယ်လောက်မုန်းစရာကောင်းတယ် ဆိုတာ အမေခံစားဖူးမှသိလိမ့်မယ်
အမေ။ အမေတို့ဆီမှာ လူတွေ ဂုဏ်ယူဝင့်ကြွားစွာကိုင်နေတဲ့ ဟန်းဖုန်းဆိုတာကျွန်တော့် အတွက်တော့
နွားခလောက် တစ်လုံးနဲ့ ဘာမှမထူးဆိုတာ အမေ မသိပါဘူးအမေ။ ဒီမှာ ရုပ်ဝတ္ထုပစ္စည်းအရ
အများကြီးကောင်းတယ် ဆိုတာတော့ ကျွန်တော်မငြင်းပါဘူးအမေ။ ဒါပေမယ့်ဗျာ စာရေးဆရာတစ်ယောက်
ပြောဖူးသလိုပေါ့။'ငှက်လှောင်အိမ်ကြီးကိုပဲ ဆေးသုတ်ပြီး အထဲက ငှက်ကလေးကို အစာမကျွေးရင်
ဘာအဓိပ္ပာယ်ရှိမှာလဲ' တဲ့။ ဒီမှာတော့ ရွှေပိန်းချလှောင်အိမ်ကြီးတွေ ထဲက ပိန်လှီနေတဲ့ ငှက်ကလေးတွေ
အများကြီးတွေ့ခဲ့ရလို့ အဲလိုတော့မဖြစ်ချင်ဘူးအမေရေ။
ကျွန်တော်ကတော့ အချိန်တန်ရင် အမေ့အိမ်ကို ပြန်လာနိုင်အောင် ကြိုးစားနေတာ။ အမေရေ။ငါ့သားက
နိုင်ငံခြားမှာ အရမ်းအဆင်ပြေနေ တာလို့မကြွားပါနဲ့တော့ ဗျာ။ ငါ့သားက အမေ့အိမ်ကို တအားခင်တွယ်
တာ လို့ပဲကြွားလိုက်စမ်းပါ။အခြေအနေ တစ်ခုရောက်ရင်ကျွန်တော်ပြန် လာမှာပါအမေ။
ဘာအခြေအနေလဲလို့ တော့မမေးပါနဲ့
အမေ။ အခြေအနေတစ်ခုပေါ့။...

(သူငယ်ချင်းတို့ကိုပြန်လည်မျှဝေခံစားခြင်းဖြစ်ပါသည်.)

လိပ်ပြာလေး